Burmese

သင် သိပါသလား...

သင့်အနေနှင့် ယခုအခါတွင် သင့်သန္ဓေသားကို သန္ဓေတည်သည့်နေ့ မှစပြီး **ကြက်ညှာချောင်းဆိုးရောဂါ** အန္တရာယ်မှ ကာကွယ်နိုင်ပါပြီ။

- သုတေသနပြုချက်များအရ ကိုယ်ဝန်ဆောင်သည့်ကာလတွင် ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးထိုးခြင်းသည် မိခင်အတွက်ရော ကလေးအတွက်ပါ ဘေးကင်းပြီး ထိရောက်သည်ဟု တွေ့ရှိရပါသည်။
- ကိုယ်ဝန်ဆောင်သည့်ကာလ (ဖြစ်နိုင်လျှင် ၂၈ ပါတ်ကာလ) တွင် ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးထိုးခြင်းသည် သင့်ခန္ဓာကိုယ်အနေနှင့် ရောဂါကာကွယ်ပေးသော ပဋိပစ္စည်းများထုတ်လုပ်ပြီး သင့်ကလေးထံသို့ မမွေးဖွားမီ ဆက်လက်ပို့ဆောင်ပေးသည်ဟု ခြင်းမည်သည်။ ထိုပဋိပစ္စည်းများက သင့်ကလေးမွေးပြီး ၆ ပါတ်အကြာတွင် သူတို့ကိုယ်တိုင် ရောဂါကာကွယ်ဆေးထိုးရန် အဆင်သင့်ဖြစ်သော အချိန်အထိ အကာအကွယ်ပေးသွားမည်ဖြစ်ပါသည်။
- ကြက်ညှာချောင်းဆိုးရောဂါသည် အကြိမ်ကြိမ် ပြင်းထန်စွာ ချောင်းဆိုးစေသည့် ဘက်တီးရီးယားကြောင့်ဖြစ်သော အလွန်ပင် ကူးစက်လွယ်သည့် ရောဂါဖြစ်သည်။ မည်သူ့ကိုမဆို ရောဂါကူးစက်စေနိုင်ပြီး အထူးသဖြင့် ရောဂါကာကွယ်ဆေးထိုးရန် အလွန်ငယ်လွန်းသည့် ကလေးငယ်များတွင် ပိုပြီးပြင်းထန်ပါသည်။ (သေလည်းသေစေနိုင်သည်)
- သင့်ကလေးနှင့်ထိတွေ့မည့် သင့်မိသားစုဝင်များမှာ ကြက်ညှာချောင်းဆိုးရောဂါမှ ကာကွယ်ထားကြောင်းလည်း သေချာစေရန် အရေးကြီးပါသည်။ အခြားသောကလေးများသည်လည်း သူတို့၏ ရောဂါကာကွယ်ဆေးထိုးခြင်းသည် အချိန်နှင့်တပြေးညီဖြစ်သည်မှာ သေချာစေရန်လည်း အရေးကြီးသည့်အပြင် လွန်ခဲ့သော ၁၀ နှစ်အတွင်းက ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေး မထိုးရသေးသည့် ပြုစုစောင့်ရှောက်သူများနှင့် မိသားစုဝင်များကို သင့်ကလေးနှင့် လုံး၀ မထိတွေ့စေမီ အနည်းဆုံး နှစ်ပါတ်မတိုင်မီတွင် ကြက်ညှာချောင်းဆိုးရောဂါ ကာကွယ်ဆေးကို မထိုးမဖြစ် ထိုးကြရန် ပြောပါ။
- အကယ်၍ သင်သည် ကိုယ်ဝန်ဆောင်ရန် အစီအစဉ်ရှိလျှင်၊ သို့မဟုတ် ကိုယ်ဝန်ရှိနေပြီဆိုလျှင် သင် ကိုယ်ဝန်ဆောင်နေချိန်မှာ မည်သည့် ရောဂါကာကွယ်ဆေးများ ထိုးရန် လိုအပ်ကြောင်း သင့်ဆရာဝန်၊ အက်ဘိုရစ်ဂျင်နယ် ကျန်းမာရေးဝန်ဆောင်မှု သို့မဟုတ် အခြားသော ဝန်ဆောင်မှု ပံ့ပိုးသူကို မေးမြန်းပါ။

ရောဂါကာကွယ်ဆေး	အကြံပေးတိုက်တွန်းချက်
ကြက်ညှာချောင်းဆိုးရောဂါ	တတိယမြောက် သုံးလပါတ် ရောက်နေသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ (ဖြစ်နိုင်လျှင် ၂၈ ပါတ်ကာလတွင်)
တုပ်ကွေးရောဂါ	ကိုယ်ဝန်ဆောင်ကာလ မည်သည့်အချိန်ကိုမဆို ရောက်ရှိနေသော ကိုယ်ဝန်ရှိအမျိုးသမီးများ၊ အထူးသဖြင့် တုပ်ကွေးရာသီတွင် ကိုယ်ဝန် ဒုတိယ သို့မဟုတ် တတိယ သုံးလပါတ် ရောက်နေမည့် အမျိုးသမီးများ

NSW GOVERNMENT | Health

health.nsw.gov.au/protectnewborns ကို ဖွင့်ဖတ်ပါ။

ရောဂါကာကွယ်ဆေးက ကိုယ်ဝန်ဆောင်ချိန်မှာ မည်မျှ ထိရောက် မှုရှိသလဲ။

ကိုယ်ဝန်ဆောင်နေချိန်မှာ ရောဂါကာကွယ်ဆေး ထိုးမထားလျှင် နှစ်စဉ် ဆေးရုံကြီးတစ်ခုခုတွင် မွေးဖွားသော ကလေးများထဲမှ ၅၀ သည် ကြက်ညှာချောင်းဆိုးရောဂါကြောင့် ဖျားနာပါလိမ့်မည် – ထိုအထဲမှ ၄၀ သည် သူတို့၏ နာမကျန်းဖြစ်မှုကြောင့် ဆေးရုံတက်ရန် လိုအပ်ပါလိမ့်မည်။

ကိုယ်ဝန်ဆောင်ချိန်မှာ ကာကွယ်ဆေး ***ထိုးမထားသူ*** *၏ ကြက်ညှာချောင်းဆိုး*

အကယ်၍ ဆေးရုံတွင် မီးဖွားမည့် အမျိုးသမီးအားလုံးသာ ကိုယ်ဝန်ဆောင်ချိန်တွင် ကာကွယ်ဆေး ထိုးထားပါက တစ်နှစ်တွင် ကလေး ၄ ယောက်သာ ကြက်ညှာချောင်းဆိုးရောဂါ ဖြစ်ပါလိမ့်မည်။

ကိုယ်ဝန်ဆောင်ချိန်မှာ ကာကွယ်ဆေး ***ထိုးထားသူ*** *၏ ကြက်ညှာချောင်းဆိုး*

သင့်ကလေး မွေးပြီးချိန်

'Save the Date to Vaccinate' ဟုခေါ်သော
တယ်လီဖုန်းတွင် အသုံးပြုရသည့် အက်ပ် (App) ကို
ဒေါင်းလုပ် (Download) လုပ်ပါ။

တယ်လီဖုန်းတွင် အသုံးပြုရသည့် ထို 'Save the Date to Vaccinate' အက်ပ် (App) က သင့်အတွက် သီးသန့် ကာကွယ်ဆေးထိုးရမည့် အစီအစဉ်များနှင့် မည်သည့်အချိန်တွင် သင့်ကလေးအတွက် ကာကွယ်ဆေးထိုးရန် အချိန်ကျရောက်မည်ဆိုသည်တို့ကို သတိပေးပါသည်။ အမျိုးစုံလင်သော ဗီဒီယိုဖြင့် ပညာပေးခြင်းများ အပါအဝင် အသုံးဝင်မည့် ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ သိကောင်းစရာအချက်များကို ကြည့်ရန် **www.immunisation.health.nsw.gov.au** နေရာမှ 'Save the Date to Vaccinate' ဝက်ဘ်ဆိုက်ကိုလည်း သင် ဖွင့်ဖတ်နိုင်ပါသည်။

ဆောက်ပါ ထွက်ယာဇဝေးဆောက်ထွင်
ဒေါင်းလုပ် (DOWNLOAD) လုပ်ပါ...

SHPN (CHP) 150135

NSW GOVERNMENT | Health

health.nsw.gov.au/protectnewborns ကို ဖွင့်ဖတ်ပါ။